ပန်းတော်ပြင်ကျေးရွာ

ပန်းတော်ပြင်ကျေးရွာအုပ်စု၊ မင်းလှမြို့နယ်

မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ပန်းတော်ပြင်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းလှမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

အောက်တိုဘာလ၊ ၂၀၁၈

# မာတိကာ


မာတိကာ

၁။ စကားချီး

၂။ သယံဇာတပြမြေပုံ

၃။ တည်နေရာနှင့် ပထဝီအနေအထား

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၆။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

**၁။ စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ် အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ပန်းတော်ပြင်ကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည်သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

အောက်တိုဘာလ ၊ ၂၀၁၈ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပန်းတော်ပြင်ကျေးရွာ
မင်းလှမြို့နယ်


ကျေးရွာသယံဇာတပြမြေပုံ
ပန်းတော်ပြင်ကျေးရွာ / မင်းလှမြို့နယ်
နေ့စွဲ ၂၇.၅.၂၀၁၈
တောင်ကုန်း
ချောင်း
SHOT ON REDMI NOTE5
MI DUAL CAMERA

## ၂။ တည်နေရာနှင့် ပထဝီအနေအထား

ပန်းတော်ပြင်ကျေးရွာသည် ပန်းတော်ပြင်အုပ်စုတွင်ပါဝင်ပြီး မင်းလှမြို့၏ တောင်ဘက် (၂) မိုင်ခန့်အကွာအဝေး သရက်-မင်းလှ ကားလမ်းမကြီး၏ အရှေ့ဘက် (၁) ဖာလုံခန့်အကွာတွင် တည်ရှိပါသည်။ ကျေးရွာသည် အရာတော်ချောင်းနဘေးတွင် တည်ရှိသောကြောင့် နှစ်စဉ် ကမ်းပါးပြိုခြင်း၊ ချောင်းရေတိုက်စားခြင်းများ ကြုံတွေ့နေရပြီး နေအိမ်အချို့မှာ ရွှေ့ပြောင်းနေထိုင်ရသည့် အခြေအနေများ ရှိပါသည်။ ရွာ၏မြေအနေအထားမှာ အနောက်မှ အရှေ့သို့ ဆင်ခြေလျှောပုံစံ ဖြစ်ပါသည်။ ကျေးရွာတွင် လက်ရှိအသုံးပြုနေသော ရွာအဝင်လမ်းမှာ သုသာန်သို့သွားသောလမ်းဖြစ်နေပြီး ရထားဂိတ်မရှိသည့်အတွက် ကျေးရွာသူ/သားများအနေဖြင့် အန္တရာယ်များ မကြာခဏ ဖြစ်ပေါ်နေပါသည်။ ရွာတွင်းလမ်းများသည်လည်း မြေသားလမ်းများ ဖြစ်နေသည့်အတွက် မိုးရာသီတွင် သွားလာရခက်ခဲခြင်းနှင့် ရွာတွင်းလမ်းအချို့တွင် ရေအိုင်များ ဖြစ်ပေါ်ခြင်းများ ကြုံတွေ့နေရပါသည်။ ကျေးရွာ၏ အရှေ့မြောက်ဖက် (၁) ဖာလုံခန့်အကွာတွင် စနခ (၉၄၉) တပ်နှင့် တောင်ဖက် (၂) ဖာလုံခန့်အကွာတွင် ကပစ (၁၀) တပ်ရင်းတို့ ရှိပါသည်။ တောင်သူအများစု၏ လယ်ယာမြေများမှာ သိမ်းဆည်းခံကြရ၍ တောင်သူတစ်ဦးချင်း၏ ယာမြေပိုင်ဆိုင်မှုဧကမှာ နည်းပါးကြပါသည်။ ကျေးရွာ၏ အဓိက စိုက်ပျိုးသီးနှံမှာ ပဲမျိုးစုံ၊ နှမ်း၊ ဝါ ၊ မိုးကောင်းလယ်စပါးအနည်းငယ်နှင့် ဆောင်းရာသီတွင် ဟင်းသီးဟင်းရွက်၊ ကြက်သွန်နီ၊ ဖူးစားပြောင်းနှင့် တိုင်ထောင်ခရမ်းချဉ်သီးများ စိုက်ပျိုးကြပါသည်။

## ၃။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မင်းလှမြို့နယ်၊ ပန်းတော်ပြင်အုပ်စု၊ ပန်းတော်ပြင်ကျေးရွာသည် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ၊ ဝါအများဆုံး ထွက်ရှိသောဒေသ ဖြစ်ပါသည်။ ဇောဓိဆည်အောက်ဖက်တွင် လယ်မြေများရှိသော်လည်း တောင်သူတစ်ဦး၊ နှစ်ဦးခန့်သာ စပါးစိုက်ပျိုးကြပါသည်။ ယာမြေ၊ ကိုင်းမြေများ ရှိကြပြီး ကိုင်းမြေတွင် အဝီစိတွင်းတူး၍ ရေစုပ်စက်အသေးစားများဖြင့် ရေတင်ပြီး ဆောင်းရာသီတွင် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးကြပါသည်။ အရာတော်ချောင်းမကြီးရှိသည့်အတွက် သဲနှင့်ကျောက်စရစ်များ ထုတ်လုပ်သည့် လုပ်ကွက် (၂)နေရာ ရှိပါသည်။ ရွာ၏မြောက်ဖက် ရထားလမ်းဘေးတွင် တစ်ပိုင်တစ်နိုင် သနပ်ခါးခြံများလည်း စိုက်ပျိုးကြပါသည်။ သဘာဝဆေးဘက်ဝင်အပင်များရှိသော်လည်း အသိပညာဗဟုသုတ နည်းပါးခြင်းကြောင့် အသုံးပြုနိုင်မှု အားနည်းပါးသည်။ ကျေးရွာတွင် နွားစာအတွက် စားကျက်တောင်ကုန်းမြေအနည်းငယ်သာ ရှိပါသည်။

## ၄။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေးကဏ္ဍတွင် ဂေါပကအဖွဲ့၊ ဝတ်အသင်းအဖွဲ့၊ ဓမ္မရက္ခိတအဖွဲ့၊ လူမှုရေးကဏ္ဍတွင် ကျန်းမာရေးပရဟိတအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ စသည်တို့ ဖြစ်ပါသည်။ ၎င်းအဖွဲ့များမှ ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် အားတက်သရော ပူးပေါင်းဆောင်ရွက်လေ့ ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ /သားကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ခြုံငုံ၍သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများဆောင်ရွက်ရန် မိရိုးဖလာဖွဲ့စည်းထားသော အဖွဲ့အစည်းများက အားကောင်းကြပြီး စီမံကိန်း ချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ်မရှိပါ။

### (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်း အရ ကျွန်ုပ်တို့ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်စု(၃၁၅)စု၏ (၅၂.၃၈%)ခန့်သည် ဆင်းရဲသည်ဟု ခံယူကြပါသည်။ (၄၇.၆၂%) ခန့်မှာ ချောင်လည်သည်ဟု ဆုံးဖြတ်ကြပါသည်။ ဆင်းရဲသည်ဟု သတ်မှတ်ထားသူများသည် မြေယာမဲ့နှင့် စိုက်ပျိုးမြေ (၁) ဧကမှ (၃) ဧကအတွင်း ပိုင်ဆိုင်သူများ၊ ကျပန်းအလုပ်သမားများဖြစ်ကြပါသည်။ အိမ်အခြေအနေမှာ (၃) ပင်အိမ်၊ ထရံကာ၊ သွပ်မိုးအိမ် အမျိုးအစား ဖြစ်ပါသည်။

ချောင်လည်သောမိသားစုများသည် စိုက်ပျိုးမြေ (၅) ဧကနှင့် (၁၂) ဧကအတွင်း ပိုင်ဆိုင်သူ များနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူများနှင့် ဝန်ထမ်းများသော မိသားစုများဖြစ်ကြပါ သည်။ အိမ်အခြေအနေမှာ RC တိုက်၊ ၄ ပင်တိုက်ခံ၊ သွပ်မိုး၊ ပျဉ်ခင်းပျဉ်ကာဖြစ်ပြီး ဖောကား၊ လိုက်ထရပ်၊ ဟိုက်ဂျက်၊ ထွန်စက်ပိုင်ဆိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။

### (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာသူ/သားများအနေဖြင့် အနီးဆုံးဈေးကို ကျေးရွာနှင့် (၂)မိုင်ခန့် ကွာဝေးသည့် မင်းလှ ဈေး၊ မလွန်ဈေး၊ PIC ဈေးသို့ လည်းကောင်း ၊ အကြီးစားဈေးကွက်ကို ကျေးရွာနှင့် (၁၉) မိုင် ကွာ ဝေးသည့် မကွေးဈေး ၊ မင်းဘူးဈေးသို့ လည်းကောင်း သွားရောက်ကြပါသည်။ ကျေးရွာတွင်းလမ်း များမှာ အရှည် (၁) မိုင်ခန့်ရှိပြီး မြေသားလမ်း အမျိုးအစား ဖြစ်ပါသည်။ ရွာအဝင်လမ်းမှာ ကျောက်ခင်း မြေနီလမ်းဖြစ်ပြီး သုသာန်အနီးကပ်၍ ကွေ့ပတ်ပြီး ဝင်သောလမ်း ဖြစ်ပါသည်။ ရွာချင်းဆက်လမ်းမှာ

မြေသားမြေနီခင်းလမ်း ဖြစ်ပါသည်။ ရွာအဝင်လမ်းမှာ ရာသီမရွေး သွားလာနိုင်သော လမ်းဖြစ်သော်လည်း ရွာတွင်းလမ်းအချို့မှာ မိုးရာသီတွင် ရေအိုင်မှုများ ဖြစ်ပေါ်နေသည့်အတွက် သွားလာရ ခက်ခဲပါသည်။

ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား ဆောင်ရွက်သည့်အတွက် နွားလှည်းကို အသုံးပြုကြပြီး သယ်ယူပို့ဆောင်ရေးတွင် ကား ၊ ဆိုင်ကယ်တို့ဖြင့် အဓိက အသုံးပြုကြပါသည်။ ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီး သုံးစွဲသူ အိမ်ထောင်စု (၂၈၀) စုရှိပြီး ကျန်ရှိသော အိမ်ထောင်စုများမှာ LED အားသွင်းမီးအိမ်များကို အသုံးပြုကြပါသည်။

သတင်းအချက်အလက်များကို ရေဒီယို ၊ တီဗွီ ၊ စလောင်းများမှ အဓိက ရယူသုံးစွဲကြပြီး ဖုန်းအသုံးပြုသူများသည့်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် လက်လှမ်းမီသည့် ကျေးရွာဖြစ်ပါသည်။

ကျေးရွာတွင်းရှိ အိမ်တိုင်းတွင် အဝီစိတွင်း စက်တပ်များ ရှိပါသည်။ ချောင်းရှိသော်လည်း မိုးရာသီတွင်သာ ရေစီးဆင်းပါသည်။ တစ်နှစ်ပတ်လုံး သောက်သုံးရေ ဖူလုံမှု ရှိပါသည်။ ကျေးရွာတွင်လက်ရှိ ယင်လုံအိမ်သာ (၃၀၀) လုံးရှိပြီး ကျန်သော အိမ်ထောင်စု (၁၅) စုသည် တစ်ဝိုင်းတည်းတွင် (၂) အိမ် နေထိုင်သူများ ဖြစ်ပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကျေးရွာတွင် သမဝါယမချေးငွေလုပ်ငန်း ရှိသော်လည်း တစ်ဦးလျှင် ကျပ် (၁၅၀၀၀၀) မျှသာ ထုတ်ချေးနိုင်ပါသည်။ စိုက်ပျိုးရေးဘဏ်မှ အတိုးနှုန်း ပြား (၈၀) ဖြင့် ဇွန် ၊ ဇူလိုင်လများတွင် ငွေထုတ်ချေးပေးသော်လည်း ပုံစံ (၇) တင်ပြနိုင်မှသာ ချေးငွေရရှိသဖြင့် တောင်သူအများစုမှာ ချေးငွေမရရှိခြင်း၊ ရွာတွင်းငွေချေးပေးသူထံမှ တစ်လလျှင် အတိုး (၄-၅) နှုန်းဖြင့် ချေးငွေရရှိသော်လည်း ပိုင်ဆိုင်သည့် မြေကွက် ၊ အထည်လက်ဝတ်လက်စားရွှေနှင့် သဘောတူစာချုပ်ချုပ်ဆိုရခြင်း ၊ မိတ်ဆွေနှင့် ဆွေမျိုးများထံမှ ကာလတိုချေးငွေ ရယူခြင်းများ ရှိပါသည်။

### (င) ပညာရေး

ပန်းတော်ပြင်ကျေးရွာတွင် သက်ကြီးပိုင်း အနည်းငယ်မှလွဲ၍ အများစုသည် အခြေခံ အရေး၊ အဖတ်၊ အတွက်အချက်ကို တတ်မြောက်ကြပါသည်။ လူငယ်အမျိုးသား၊ အမျိုးသမီး အများစုသည် ဘွဲ့ရများ ဖြစ်ကြပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်းခွဲထိ ဖွင့်လှစ်နိုင်သော်လည်း ယခုလက်ရှိပင်မကျောင်းဆောင်မှာ ကျေးရွာလူထု၏ ကိုယ်ထူကိုယ်ထဖြင့် ဆောင်ရွက်ထားပြီး ၆၀' × ၃၀' မှန်ဆောင်တစ်ထပ်အုတ်ညှပ်ဆောင်ကို နိုင်ငံတော်မှ ဆောက်လုပ်ပေးထားပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်းခွဲရှိသော်လည်း ကျေးရွာတွင်းရှိ ကျောင်းသားများသည် အလယ်တန်းအဆင့်ထိ

တက်ရောက်လိုသူဦးရေ များပြားလာခြင်း၊ မြို့ပေါ်အထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားရာတွင် ကလေးများအတွက် အန္တရာယ်ရှိခြင်းနှင့် ငွေကြေးအခက်အခဲများကြောင့် အလယ်တန်းကျောင်းအထိ အဆင့်မြှင့်တင်ပေးရန် လိုအပ်ပါသည်။

## (စ) ကျန်းမာရေး

ပန်းတော်ပြင်ကျေးရွာရှိ ကျေးရွာလူထုအနေဖြင့် ရာသီအလိုက် ဖျားနာခြင်း၊ အအေးမိခြင်းနှင့် ဆီးချို၊ သွေးတိုးရောဂါများသာ ဖြစ်လေ့ဖြစ်ထ ရှိပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းနှင့် သားဖွားဆရာမရှိသော်လည်း ဆေးဝါးလုံလောက်မှုမရှိပါ။ ကျေးရွာလူထုအနေဖြင့် ကျန်းမာရေးအတွက် အခက်အခဲများ ရှိသော်လည်း ကျေးရွာသို့ ကျန်းမာရေးဌာနမှ တာဝန်ကျဆရာမတစ်ဦးသည် ကျေးရွာသူဖြစ်သည့်အတွက် အမြဲတမ်းနေထိုင်ကာ ကာကွယ်ဆေး တိုက်ကျွေးခြင်း ၊ ဆေးထိုးခြင်း လုပ်ငန်းများ အဆက်မပြတ် လုပ်ဆောင်ပေးပါသည်။ ဆေးခန်းတွင်လည်း တစ်ပတ်လျှင် (၃) ရက်ခန့် ဖွင့်လှစ်၍ ကျန်းမာရေးပြုစု စောင့်ရှောက်မှုများ ပြုလုပ်ပေးပါသည်။ ကျေးရွာနှင့် (၂) မိုင်ခန့် အကွာအဝေးတွင် မင်းလှမြို့နယ် ဆေးရုံရှိသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုများ အလွယ်တကူ ရရှိပါသည်။

## (ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ပန်းတော်ပြင်ကျေးရွာတွင် တောင်သူ (၁၂၀) ဦးရှိ၍ လယ် (၈.၇၅) ဧက၊ ယာမြေစုစုပေါင်း (၆၃၄.၉၄) ဧက၊ ဥယျာဉ်ခြံမြေ (၃၆.၈၅) ဧကရှိပြီး တစ်ရွာလုံး စုစုပေါင်း စိုက်ပျိုးမြေမှာ (၆၈၀.၅၄) ဧက ရှိပါသည်။ တောင်သူတစ်ဦးလျှင် စုစုပေါင်း ပျှမ်းမျှ (၅.၆၇) ဧက ပိုင်ဆိုင်ပြီး တစ်ရွာလုံးအနေဖြင့် ပျှမ်းမျှ တစ်အိမ်ထောင်လျှင် စိုက်ပျိုးမြေ (၂.၁၆) ဧကနှုန်း ပိုင်ဆိုင်ကြပါသည်။ ကျေးရွာ၏ အဓိက သက်မွေးလုပ်ငန်းမှာ တောင်သူလုပ်ငန်းဖြစ်ပြီး အဓိကသီးနှံမှာ နှမ်း ၊ ဝါနှင့် ပဲမျိုးစုံဖြစ်ပြီး စပါးမှာ ဖောဓိဆည်အောက်ပိုင်းတွင် အနည်းငယ်သာ စိုက်ပျိုးကြပါသည်။ နှမ်းနှင့် ပဲစဉ်းငုံသီးနှံအား ကဆုန် ၊ နယုန်လတွင် စိုက်ပျိုးကြပြီး ပဲကြီးနှင့် ကုလားပဲအား သီတင်းကျွတ် ၊ တန်ဆောင်မုန်းလတွင် စိုက်ပျိုးကြပါသည်။ ဝါသီးနှံကို နှမ်းရိတ်သိမ်းအပြီး တော်သလင်း၊ သီတင်းကျွတ်လတွင် စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြပြီး ကြက်သွန်နီနှင့် အခြား ဟင်းသီးဟင်းရွက်များကို အဝီစိတွင်းရေကို အသုံးပြုကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန် တောင်သူ (၂) ဦးမှ ထွန်စက်ကြီး (၂) စီး ဝယ်ယူထားရှိပြီး တောင်သူများမှ ထွန်ယက်ရန်လိုအပ်ပါက ၎င်းထွန်စက်များကို ငှားရမ်းအသုံးပြုကြပါသည်။ သီးနှံစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်တွင် အစိုးရဝန်ထမ်းများသဖြင့် လုပ်သားရှားပါးမှုကြောင့် လုပ်အားခပိုပေး၍ ငှားရမ်းနေရပါသည်။ မြို့နယ်သမဝါယမအသင်းမှ ချေးငွေယူရခြင်း၊ စိုက်ပျိုးရေးဘဏ်မှ

ချေးငွေယူရခြင်းများ ရှိပါသည်။ စိုက်ပျိုးရေးဘဏ်မှ ချေးငွေယူရာတွင် ပုံစံ (၇) မရှိသေးသော တောင်သူများမှာ ချေးငွေမရရှိသည့်အတွက် အခက်အခဲများလည်း ရှိပါသည်။ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများကိုလည်း ပြင်ပအရောင်းဆိုင်များမှ ဈေးကြီးပေး၍ ဝယ်ယူအသုံးပြုကြရပါသည်။

စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိက အားထားရသောကြောင့် တောင်သူများမှာ ရာသီဥတုမမှန်ခြင်း၊ စိုက်ပျိုးရေ လုံလောက်မှုမရှိခြင်းများ ကြုံတွေ့နေရပြီး စိုက်ပျိုးရေးအသိပညာ ဗဟုသုတနည်းပါးခြင်း၊ စိုက်ပျိုးရေးစရိတ် ကြီးမြင့်ခြင်း၊ ချေးငွေမလုံလောက်ခြင်းနှင့် မျိုးကောင်းမျိုးသန့် ဈေးနှုန်းကြီးမြင့်ခြင်းတို့ကြောင့် သီးနှံအထွက်နှုန်း မကောင်းခြင်းများလည်း ရှိနေပါသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်းနှင့် ရေကြီးခြင်းကို နှစ်စဉ် တွေ့ကြုံခံစားကြရပါသည်။ မိုးခေါင်ခြင်းနှင့် ရေကြီးခြင်းတို့ကြောင့် တောင်သူများ၏ စိုက်ခင်းများ ပျက်စီးဆုံးရှုံးခြင်း၊ စိုက်ပျိုးရေးစရိတ် ကြီးမြင့်ခြင်းတို့ကို ခံစားရပါသည်။ လူ ၊ တိရစ္ဆာန်နှင့် စိုက်ပျိုးရေးသီးနှံများတွင် ရောဂါပိုးမွှား ကျရောက်မှုရှိပြီး ကြီးမားစွာ ဖြစ်ပေါ်ခြင်း မရှိပါ။ ကျေးရွာအနီး ပတ်ဝန်းကျင်တွင် သန်း၊ ဒဟတ်၊ ဖောင်းပလေး၊ ရှား၊ ထနောင်း၊ တမာ၊ မန်ကျည်းနှင့် မြင်းခွာရွက်၊ ဟင်းရွက်နားတောင်း၊ ဆင်တုံးမနွယ်တို့ ပေါက်ရောက်ပါသည်။

### (ဈ) ကျား – မ ရေးရာ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အဖွဲ့အစည်းများ ဖွဲ့စည်းရာတွင် ကော်မတီကိုယ်စားလှယ်အဖြစ် အမျိုးသားများမှာ (၂) ဆရှိပြီး အမျိုးသမီးမှာ (၁) ဆမျှသာ ပါဝင်ဆောင်ရွက်မှုရှိကြောင်း တွေ့ရှိရပါသည်။ မိသားစုအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ ၅၀% ပါဝင်မှုရှိသဖြင့် မျှတမှုရှိကြောင်း တွေ့ရပါသည်။ သို့သော် လုပ်အားခ သတ်မှတ်ရာတွင် ကျား/မ အလိုက် ခွဲခြားသတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။

၅။ ဦးစားပေးစီမံချက်များ အကောင်အထည်ဖော်မည့် အချိန်ကာလ

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၈ ၂၀၁၉ | ၂၀၁၉ ၂၀၂၀ | ၂၀၂၀ ၂၀၂၁ | ၂၀၂၁ ၂၀၂၂ | ၂၀၂၂ ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁ | √ | | | | |
| ၂ | ချောင်းဘေးကျောက်ရိုးစီရေကာ တာတည်ဆောက်ခြင်း | ၂ | | √ | | | |
| ၃ | ရွာအဝင်လမ်းသစ်ဖောက်လုပ်ခြင်း | ၃ | | | √ | | |
| ၄ | အတိုးနှုန်းသက်သာစွာဖြင့်ချေးငွေ များ ထုတ်ချေးပေးနေသည့် ဌာန ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ် ဆက်ဆောင်ရွက်ခြင်း | ၄ | | | | √ | |
| ၅ | ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက် ၍ဆေးဝါးအပြည့်အစုံချထားပေး ရန်တောင်းခံခြင်း | ၅ | | | | | √ |
| ၆ | မျိုးကောင်းမျိုးသန့်ရရှိအောင်ဆောင် ရွက်ခြင်း | ၆ | √ | | | | |
| ၇ | အသက်မွေးဝမ်းကျောင်းအထောက် အကူပြုသင်တန်းများဖွင့်လှစ်ပို့ချ ခြင်း | ၇ | | √ | | | |
| ၈ | ရွာတွင်းလမ်းများအား အဆင့်မြှင့် တင်ခြင်း | ၈ | | | | √ | |
| ၉ | တောင်သူအသိပညာပေးဟောပြောပွဲ များပြုလုပ်ခြင်း | ၉ | √ | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၀ | အလယ်တန်းကျောင်းချထားပေးရန်နှင့်ပညာရေးဝန်ထမ်းတိုးမြှင့်ခန့်ထားပေးရန်တောင်းခံခြင်း | ၁၀ | | | √ | | |
| ၁၁ | ပြန်ဆက်ဦးစီးဌာနနှင့်ချိတ်ဆက်၍စာပေဟောပြောပွဲများကျင်းပခြင်းနှင့်စာအုပ်စာတမ်းများတောင်းခံခြင်း | ၁၁ | | | √ | | |
| ၁၂ | စိုက်ပျိုးရေးသွင်းအားစုများရရှိနိုင်ရေးစီမံကိန်း | ၁၂ | | | √ | | |
| ၁၃ | ရေနုတ်မြောင်းပြန်လည်ပြုပြင်ခြင်း | ၁၃ | | √ | | | |

**မင်းလှမြို့နယ် ၊ ပန်းတော်ပြင်ကျေးရွာအုပ်စု ၊ ပန်းတော်ပြင်ကျေးရွာ**

**ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား**

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **လမ်းတံတား၊လျှပ်စစ်** | | | | | |
| | နှစ်စဉ်ကမ်းပါးပြို | -ချောင်းရေတိုက်စားခြင်း | လုပ်အားထည့်ဝင်နိုင်ခြင်း | ငွေကြေးမတတ်နိုင်ခြင်း | ရေကာတာပြုလုပ်ခြင်း | ချောင်းဘေးကျောက် |
| | ခြင်းကြောင့်နေအိမ် | | ချောင်းကျောက်စရစ်၊သဲ | | | ရိုးစီရေကာတာတည် |
| | အချို့ရွှေ့ပြောင်းရခြင်း | | ရှိခြင်း | | | ဆောက်ခြင်း |
| | လက်ရှိရွာအဝင်လမ်း | -လက်ရှိရွာအဝင်လမ်း | ငွေကြေးထည့်ဝင်နိုင်ခြင်း | - | ရွာအဝင်လမ်းသစ် | ရွာအဝင်လမ်းသစ် |
| | အားအသုံးမပြုလို | သည်သုသာန်သို့သွား | ကျေးရွာလူထုမှ စိတ်အား | | ဖောက်လုပ်ရန်လိုအပ် | ဖောက်လုပ်ခြင်း |
| | ခြင်း | သောလမ်းဖြစ်နေခြင်း | ထက်သန်ခြင်း | | ခြင်း | (အရှည် ၁၀၀၀') |
| | | -ရထားဂိတ်မရှိသည့်အ | | | | |
| | | တွက်ကျေးရွာလူထုအ | | | | |
| | | တွက်အန္တရာယ်ရှိခြင်း | | | | |
| | ရွာတွင်းလမ်းများမ | -မြေသားလမ်းများဖြစ် | လမ်းသားမာ၍သတ်မှတ် | ငွေကြေးမတတ်နိုင်ခြင်း | လမ်းအတွက်ကော်မတီ | ရွာတွင်းလမ်း ကွန်က |
| | ကောင်းခြင်း | နေခြင်း | ချက်နှင့်ကိုက်ညီခြင်း | | ဖွဲ့၍ကျေးလက်ဦးစီးဌာ | ရစ်ခင်းခြင်း |
| | | | | | နနှင့်ချိတ်ဆက်ဆောင် | |
| | | | | | ရွက်ခြင်း | |
| ၂ | **သောက်သုံးရေဖူလုံရေး** | | | | | |
| | သီးနှံအထွက်နှုန်း မ | -ရာသီဥတုမမှန်ခြင်း | နည်းပညာအထောက်အပံ့ | ပုံစံ(၇)ရှိသော်လည်း | လယ်/ဆယ်ဌာနနှင့် | ရေနုတ်မြောင်းပြန် |
| | ကောင်းခြင်း | -စိုက်ပျိုးရေလုံလောက်မှု | များပေးပါကတောင်သူ | စိုက်ပျိုးရေးချေးငွေ | ချိတ်ဆက်ဆောင်ရွက် | လည်ပြုပြင်ခြင်း |
| | | မရှိခြင်း | များဘက်မှ စိတ်ပါဝင် | လုံလောက်စွာမရရှိခြင်း | ခြင်း | တောင်သူအသိပညာ |
| | | -စိုက်ပျိုးရေးအသိပညာ | စားမှုရှိခြင်း | | | ပေးဆွေးနွေးပွဲများ ပြု |
| | | ဗဟုသုတအားနည်းခြင်း | | | | လုပ်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၃ | **စိုက်ပျိုးရေးနှင့် မွေးမြူရေး** | | | | | |
| | | -စိုက်ပျိုးရေးစရိတ်ကြီး | လယ်/ဆည်ဌာနမှ တူး | ဆင်းရဲသောတောင် | | မျိုးကောင်းမျိုးသန့် |
| | | မြင့်ခြင်း | ဖော်ထားသည့်ရေနုတ် | သူငယ်များတွင် ပုံစံ | | ရရှိအောင်ဆောင်ရွက် |
| | | -စိုက်ပျိုးရေးချေးငွေ | မြောင်းရှိခြင်း | (၇)မရှိခြင်း | | ခြင်း |
| | | မလုံလောက်ခြင်း | | လက်ရှိရေနုတ်မြောင်း | | စိုက်ပျိုးရေးသွင်းအားစု |
| | | | | တိမ်ကောနေခြင်း | | များရရှိနိုင်ရေးစီမံကိန်း |
| | | -မျိုးကောင်းမျိုးသန့်ဈေး | | | | |
| | | နှုန်းကြီးမြင့်ခြင်း | | | | |
| ၄ | **ပညာရေး** | | | | | |
| | အလယ်တန်းကျောင်း | -မူလတန်းအဆင့်ပြီး | အလယ်တန်းအဆင့် | ကျေးရွာမှမြို့ပေါ်သို့ | ပညာရေးဦးစီးဌာနနှင့် | အလယ်တန်းကျောင်း |
| | အဆင့်မြှင့်တင်ပေး | သည့်ကျောင်းသားဦးရေ | တက်ရောက်လိုသည့် | အထက်တန်းကျောင်း | ချိတ်ဆက်၍ အလယ် | ချထားပေးရန်နှင့်ပညာ |
| | ရန်လိုအပ်ခြင်း | များလာခြင်း | ကျောင်းသားဦးရေများ | သို့တက်ရောက်ရာ | တန်းကျောင်းချထား | ရေးဝန်ထမ်းတိုးမြှင့် |
| | | | ပြားလာခြင်း | တွင်ကလေးများ | ပေးရန်တောင်းခံခြင်း | ခန့်ထားပေးရန် |
| | | | | အတွက်သွားလာရေး | | တောင်းခံခြင်း |
| | | | | အန္တရာယ်ရှိခြင်း | | |
| ၅ | **ကျန်းမာရေး** | | | | | |
| | ရုတ်တရက်ဖြစ်ပေါ် | -ဆေးဝါးလုံလောက်မှု | ကျေးလက်ဆေးပေးခန်း | - | ကျန်းမာရေးဦးစီးဌာန | ကျန်းမာရေးဦးစီးဌာန |
| | လာသည့်ကျန်းမာရေး | မရှိခြင်း | ရှိခြင်း | | နှင့်ချိတ်ဆက်ခြင်း | နှင့်ချိတ်ဆက်၍ဆေးဝါး |
| | ကိစ္စများအတွက် | | သားဖွားဆရာမရှိခြင်း | | | အပြည့်အစုံချထားပေး |
| | အခက်အခဲရှိခြင်း | | | | | ရန်တောင်းခံခြင်း |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၆ | **ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ဘဏ်** | | | | | |
| | ကျပန်းလုပ်သားများ | -အလုပ်အကိုင်များရှား | ကျေးရွာလူထုမှ စိတ်ဝင် | ကျပန်းလုပ်သားများ | လက်ရှိအစိုးရဌာနများ | အတိုးနှုန်းသက်သာစွာ |
| | လုပ်အားခများကြို | ပါး၍ဆင်းရဲခြင်း | စားမှုရှိခြင်း | အတွက်အတိုးနှုန်း | မှထုတ်ချေးနေသည့် | ဖြင့်ငွေချေးပေးနိုင်သည့် |
| | ထုတ်သုံးစွဲခြင်း၊ | -အသိပညာဗဟုသုတ | ကိုယ်ပိုင်နေအိမ်ခြံကွက် | သက်သာစွာနှင့်လုံခြုံ | ချေးငွေစီမံကိန်းများ | ဌာနဆိုင်ရာအဖွဲ့အစည်း |
| | အတိုးနှုန်းများကြီး | နည်းပါးခြင်း | များရှိခြင်း | စွာချေးပေးနိုင်သော | ချထားပေးရန်တောင်း | များနှင့်ချိတ်ဆက် |
| | ခြင်း | -ပိုင်ဆိုင်မှုသက်သေခံ | | အဖွဲ့အစည်းမရှိခြင်း | ခံခြင်း | ဆောင်ရွက်ခြင်း |
| | | ပစ္စည်းမရှိ၍ အစိုးရထံ | | | | |
| | | ပေါင်နှံလှည့်ပတ်သုံးစွဲ၍ | | | | |
| | | မရခြင်း | | | | |
| ၇ | **လူငယ်ဖွံ့ဖြိုးရေး** | | | | | |
| | အသိပညာဗဟုသုတ | -ဖတ်စရာစာအုပ်စာနယ် | လူငယ်များမှ စိတ်ပါဝင် | ရန်ပုံငွေမရှိခြင်း | မြို့နယ်ပြန်ဆက်ဦးစီး | မြို့နယ်ပြန်ဆက်ဦးစီး |
| | နည်းပါးခြင်း | ဇင်း၊သတင်းစာမရှိခြင်း | စားမှုရှိခြင်း | | ဌာနနှင့်ချိတ်ဆက်၍ စာ | ဌာနနှင့်ချိတ်ဆက်၍ စာ |
| | | -စာဖတ်သည့်အလေ့အထ | ဘုန်းကြီးကျောင်း | | ပေဟောပြောပွဲများနှင့် | ပေဟောပြောပွဲများ ၊ |
| | | မရှိခြင်း | စာကြည့်တိုက်ရှိခြင်း | | စာဖတ်ဝိုင်းများကျင်းပ | စာဖတ်ဝိုင်းများကျင်းပ |
| | | | | | ခြင်း | ခြင်း |
| | အလုပ်အကိုင်အခွင့် | -ကျေးရွာတွင်းဝင်ငွေရ | သင်တန်းဖွင့်လှစ်မည့် | သင်တန်းဖွင့်လှစ်ရန် | ကျေးလက်ဦးစီးနှင့် | အသက်မွေးဝမ်းကျောင်း |
| | အလမ်းရှားပါးခြင်း | လုပ်ငန်းမရှိခြင်း | နေရာရှိခြင်း | ချိတ်ဆက်ရမည့် | ချိတ်ဆက်ခြင်း | အထောက်အကူပြု |
| | | | လူငယ်များမှ စိတ်အား | နေရာမသိခြင်း | | သင်တန်းများဖွင့်လှစ် |
| | | | ထက်သန်မှုရှိခြင်း+ | | | ခြင်း |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၈ | ၆ | ၁၄ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၀ | ၁၈ | ၃၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၉ | ၃၇ | ၇၆ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၄ | ၄၂ | ၉၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၉၃ | ၄၇၈ | ၈၇၁ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၅၀ | ၇၆ | ၁၂၆ |
| **စုစုပေါင်း** | | **၅၆၄** | **၆၅၇** | **၁၂၂၁** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၃၁၅** | | |

ရင်းမြစ်… (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လူဦးရေစုစုပေါင်း (၁၂၂၁) ဦးရှိပြီး အိမ်ထောင်စု တစ်စုလျှင် ပျမ်းမျှလူဦးရေ (၄) ဦးရှိပါသည်။ (၁) နှစ်အောက်ကလေးငယ် (၁၄) ဦးနှင့် သက်ကြီးရွယ်အို (၁၂၆) ဦးရှိပြီး မူလတန်း၊ အလယ်တန်း ကျောင်းသားဦးရေ (၁၇၂) ဦးရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ် (၈၇၁) ဦးရှိပါသည်။ အများစုသည် အလယ်တန်းအထိ ပညာသင်ဖူးခဲ့ကြပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၇၀ | ၂၄၅ | ၇၅ | မြင့် ✔ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၀ | ၆၀ | ၂၀ | မြင့် ☐ လတ် ✔ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၈ | ၁၀ | မြင့် ☐ လတ် ✔ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၅ | | မြင့်☐လတ် ✔ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၂၀ | | မြင့်☐လတ် ✔ နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၈ | ၁၀ | မြင့်☐လတ် ✔ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄၀ | ၆၀ | ၃၀ | မြင့်☐လတ်☐နိမ့် ✔ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၂၀ | ၃၀ | မြင့်☐လတ် ✔ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၆ | ၁၀ | မြင့်☐လတ် ✔ နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁၀ | | မြင့်☐လတ် ✔ နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၂၀ | ၃၀ | မြင့်☐လတ် ✓နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၃ | ၅ | မြင့်☐လတ် ✓နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၂၀ | ၃၀ | မြင့်☐လတ် ✓နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၆ | ၁၀ | မြင့်☐လတ် ✓နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၁ | ၄၀ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၃၁၅ | ၅၃၁ | ၂၆၀ | ☒ |

ရင်းမြစ်…(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိအိမ်ထောင်စု (၃၁၅) စု ရှိသည့်အနက် တောင်သူအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့်အိမ်ထောင်စု (၁၇၀) စုရှိပြီး ကျန်ရှိသည့်အိမ်ထောင်စုများသည် မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် အစိုးရဝန်ထမ်းများ၊ နေ့စား၊ လက်သမား/ပန်းရံလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၂၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၂၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်း မလုပ်ကိုင်နိုင်သည့် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် စိုက်ပျိုးရေးနှင့် လက်သမား၊ ပန်းရံလုပ်ငန်းတို့တွင် နေ့စားဝင်ရောက်လုပ်ကိုင်ကြပြီး ကျေးရွာ၏ နေ့စားလုပ်အားခနှုန်းထားမှာ ကျား၊မခွဲခြားသတ်မှတ်ထားသဖြင့် တန်းတူအခွင့်အရေးမရရှိသည်ကို တွေ့ရှိရပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၈.၇၅ | ကောင်း ☐ သင့် ✔ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၆၃၄.၉၄ | ကောင်း ☐ သင့် ✔ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၃၆.၈၅ | ကောင်း ☐ သင့် ✔ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၆၈၀.၅၄** | ☒ |

ရင်းမြစ် ...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏စိုက်ပျိုးမြေဧကစုစုပေါင်း (၆၈၀.၅၄) ဧက ရှိသည့်အနက် လယ်မြေ (၈.၇၅) ဧကနှင့် ယာမြေ (၆၃၄.၉၄) ဧကကို မိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးလုပ်ကိုင်ရပါသည်။ ဥယျာဉ်ခြံမြေ (၃၆.၈၅) ဧကကို မြေအောက်ရေသုံးစွဲ၍ တစ်နှစ်ပတ်လုံး စိုက်ပျိုးကြပါသည်။

### ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ✔ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ✔ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ✔ သင့်☐ နည်း☐ မရှိ☐ | လွယ် ✔ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့် ✔ နည်း☐ မရှိ☐ | လွယ်☐ ခက် ✔ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း ✔ မရှိ☐ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ရာသီမရွေး သဲနှင့် ကျောက်စရစ်များ ထုတ်လုပ်ပို့ဆောင်ရာတွင် လွယ်ကူပါသည်။ သဘာဝဆေးဘက်ဝင်အပင်များ ရှိသော်လည်း အသိပညာ၊ ဗဟုသုတ နည်းခြင်းကြောင့် အသုံးပြုနိုင်မှုအားနည်းပါသည်။ နွားစာ၊ စားကျက်မြေမရှိပါ။

## (ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၂ ဧက | ၅ ဧက | ၃ ဧက | ၁ ဧက |
| အိမ်အခြေအနေ | တိုက်/တိုက်ခံ | ပျဥ်ထောင်/သွပ်မိုး | ထရံကာ/သွပ်မိုး | ဥပင်အိမ်/ထရံကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ဖောကား၊ Truck ကား၊ ဆိုင်ကယ်၊ဖုန်း | ဆိုင်ကယ်၊ဖုန်း၊ စလောင်း | ပေါက်တူး၊ ပေါက်ပြား | - |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး၊ အရောင်းအဝယ် | ဥယျာဉ်ခြံ စိုက်ပျိုးရေး | စိုက်ပျိုးရေး | ကျပန်း |
| **အိမ်ထောင်စု** | ၅၀ | ၁၀၀ | ၁၁၅ | ၅၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ အိမ်ထောင်စုများသည် တောင်သူလုပ်ငန်းတွင် အဓိက လုပ်ကိုင်ကြပြီး အလယ်အလတ်နှင့် မပြေလည်သောအဆင့်ရှိ အိမ်ထောင်စုများသည် လက်သမား နှင့် ပန်းရံလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများ အနေဖြင့် ကျေးရွာတွင် ကျပန်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်ကြပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား=_____မရှိ________<br>အစာလျှော့စား =______မရှိ_______<br>အထောက်အပံ့ယူ =______မရှိ_______<br>ချေးယူ =______မရှိ_______<br>လုပ်အားခကြိုယူ=_____မရှိ________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၇၀ | အခြားအစာပြောင်းလဲစား=_____မရှိ________<br>အစာလျှော့စား=_______မရှိ______<br>အထောက်အပံ့ယူ =_____၂၀ _______<br>ချေးယူ =______၃၀_______<br>လုပ်အားခကြိုယူ=______၂၀_______ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၁၂၀ | အခြားအစားပြောင်းလဲစား= ______မရှိ_______<br>အစာလျှော့စား = _______မရှိ_____<br>အထောက်အပံ့ယူ = ____၄၀________<br>ချေးယူ = ____၆၀________<br>လုပ်အားခကြိုယူ= _______၂၀______ |

ရင်းမြစ်..ဥစ္စာခနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဥစ္စာခနအဆင့် ၃ နှင့် ၄ ရှိ အိမ်ထောင်စုပေါင်း၏ (၃၀%) မှ ကောက်ယူထားခြင်းဖြစ်ပါသည်။ နွေရာသီတွင် အလုပ်အကိုင်ရှားသောကြောင့် ဆင်းရဲသောအိမ်ထောင်စုများအနေဖြင့် စားဝတ်နေရေး၊ ပညာရေးနှင့် ကျန်းမာရေးအတွက် အဆင်ပြေမှု ရှိစေရန် သမအသင်း အစုအဖွဲ့များနှင့် အပေါင်ဆိုင်များမှ အတိုးဖြင့်ချေးယူခြင်း၊ ဆွေမျိုးများနှင့် မိတ်ဆွေများ၏ ထောက်ပံ့ကူညီမှုများရယူ၍ ဖြေရှင်းကြရပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၀ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၂ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် (၆၄) နှစ်နှင့်အထက် သက်ကြီးရွယ်အိုများရှိသော်လည်း မိသားစုစောင့်ရှောက်မှုနှင့် ကျေးရွာရှိ ပရဟိတအဖွဲ့အစည်းနှင့် ကျေးရွာတွင်း စီးပွားရေး အဆင်ပြေသည့် အိမ်ထောင်စုများမှ ဝိုင်းဝန်းထောက်ပံ့ကြသည့်အတွက် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေမှာ သာမန်မျှသာဖြစ်ပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐လတ် ✔နိမ့်☐မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐လတ် ✔နိမ့်☐မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐လတ် ✔နိမ့်☐မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐လတ် ☐နိမ့် ✔ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐လတ် ☐နိမ့် ✔ မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐လတ် ☐နိမ့် ✔ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐လတ် ☐နိမ့် ✔ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐လတ် ✔ နိမ့်☐မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၃ | တီဘီရောဂါ | မြင့် ☐လတ် ☐နိမ့် ✔ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐လတ် ✔ နိမ့်☐မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ထိခိုက်လွယ်မှုအနေဖြင့် အနည်းငယ်သာရှိပြီး မိုးရာသီတွင် ချောင်းရေကြီး၍ ရွာနှင့်ထိစပ်လျှက်ရှိသော ချောင်းကမ်းပါးများ နှစ်စဉ်တိုက်စားလျှက်ရှိပါသည်။ စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကအားထား၍ စိုက်ပျိုးရသည့်အတွက် စိုက်ပျိုးရေမလုံလောက်ခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါနှင့်ပတ်သက်၍ နွားများတွင် နှစ်စဉ်ဖြစ်တတ်သည့် ခွါနာ၊ လျှာနာ၊ လေးဘက်နာရောဂါဖြစ်ခြင်းတို့ကို တွေ့ရှိရပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐လတ် ☐နိမ့် ✔ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐လတ် ✔ နိမ့်☐မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐လတ် ☐နိမ့် ✔ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐လတ် ✔နိမ့်☐မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်းရှိ လက်လုပ်လက်စား ကျပန်းလုပ်ကိုင်သူများသည် ဒေသတွင်း ပုံမှန်ဝင်ငွေရ အလုပ်အကိုင်ဖြစ်သော လက်သမား၊ ပန်းရံလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်သောကြောင့် ပုံမှန်ဝင်ငွေရရှိသဖြင့် ထိခိုက်သက်ရောက်မှုမှာ အနည်းငယ်သာရှိပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင် နိုင်မှု (မှန်ရာတစ် ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | သမဝါ ယမ အဖွဲ့ | ၁✔ ၂☐ ၃☐ | ၈၀ | ၂၅ | ၁၀၅ | ပညာရေး☐ငွေကြေး ✔<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ✔<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |
| ၂ | စိုက်/ဘဏ် | ၁✔ ၂☐ ၃☐ | ၆၀ | ၉ | ၆၉ | ပညာရေး☐ငွေကြေး ✔<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ✔<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |
| ၃ | အုပ်ချုပ်ရေး အဖွဲ့ | ၁☐ ၂✔ ၃☐ | - | ၃၄ | ၃၄ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | လုံခြုံရေးနှင့် ကာကွယ်ရေး ✔ | |
| ၄ | ဓမ္မစကူးလ် | ၁☐ ၂☐ ၃✔ | ၅ | ၂၆ | ၃၁ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |
| ၅ | ဓမ္မရက္ခိတ အဖွဲ့ | ၁☐ ၂☐ ၃✔ | ၁၅ | ၁၅ | ၃၀ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |
| ၆ | ဝတ်အသင်း | ၁☐ ၂☐ ၃✔ | - | ၁၅ | ၁၅ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |
| ၇ | ရပ်မိရပ်ဖ | ၁☐ ၂✔ ၃☐ | ၁၀ | - | ၁၀ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများသည် ကျေးရွာလူထုမှ ရွေးချယ်တင်မြောက်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အဖွဲ့အစည်းအသီးသီးမှ မိမိကဏ္ဍအလိုက် ကြိုးပမ်းစွမ်းဆောင်ကြသည်ကို တွေ့ရှိရပါသည်။

## (က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| **စဉ်** | **အမည်** | **အဖွဲ့အစည်း အမျိုးအစား**<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်**<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၃ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၄ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၅ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၆ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လာရောက်ထောက်ပံ့ပေးသည့် ပြင်ပအဖွဲ့အစည်းများ မရှိသော်လည်း ဇနိန္ဒာရာမဘုန်းကြီးကျောင်းတွင် နှစ်စဉ်နှစ်တိုင်း သင်ကြားပေးနေသာ ဓမ္မစကူးလ်သင်တန်း ဖြစ်မြောက်ရေးတွင် ကျေးရွာရှိ ပရဟိတအဖွဲ့မှ ဦးဆောင်ဦးရွက်ပြု၍ ဆောင်ရွက်ပေးလေ့ရှိကြောင်း တွေ့ရှိရပါသည်။

## (ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

## (ခ-၁) သီးနှံထုတ်လုပ်ရေး

## (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၉၅ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၃၂ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၃၉ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၄၈ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | ၁ | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၃၁၅ | ☒ |

ရင်းမြစ်…(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်းရှိ စိုက်ပျိုးမြေပိုင်ဆိုင်သည့် တောင်သူများသည် လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး မြေယာမဲ့အိမ်ထောင်စုများသည် စိုက်ပျိုးရေးလုပ်ငန်းများတွင် ကျပန်းလုပ်ကိုင်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ပန်းရံနှင့် လက်သမားလုပ်ကိုင်ခြင်း၊ အစိုးရဝန်ထမ်းအလုပ်များတွင် လုပ်ကိုင်ကြောင်း တွေ့ရှိရပါသည်။

## (၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | ၈ | တစ်နှစ်ပတ်လုံး☐ရာသီအလိုက် ✔ မဖြေဆိုပါ☐ | ရှိ ✔ မရှိ☐ မဖြေဆိုပါ☐ |
| ၂ | ရေလွှဲဆည် | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၄ | ရေသွင်းမြောင်း | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |
| ၅ | အဝီစိတွင်း | ၃၆.၈၅ | တစ်နှစ်ပတ်လုံး ✔ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ ✔ မရှိ☐ မဖြေဆိုပါ☐ |
| ၆ | လက်ငင် ရေတွင်း | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |
| ၇ | စိမ့်စမ်းရေ | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |
| ၈ | ချောင်းရေ | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအနီး ပတ်ဝန်းကျင်တွင် အရာတော်ချောင်း ရှိသော်လည်း တစ်နှစ်ပတ်လုံး ရေမစီးသည့်အတွက် စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြပြီး ကြက်သွန်နီနှင့် အခြား ဟင်းသီးဟင်းရွက်သီးနှံများကို ဥယျာဉ်ခြံများတွင် အဝီစိတွင်းရေကို အသုံးပြု၍ စိုက်ပျိုးကြပါသည်။ ဇောဓိဆည်ရေသောက် လယ်ဧကများရှိသော်လည်း (၈) ဧကသာ စိုက်ပျိုးနိုင်ပါသည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုး သည့် ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| နှမ်း | ၆၃၄.၉၄ | တင်း | ၃ | ၁၀ | ၅ | ကဆုန် | နယုန် | မြင့်☐လတ် ✔နိမ့်☐ | မြင့်☐လတ်☐နိမ့် ✔ |
| ဝါ | ၃၃၀ | ပိဿာ | ၁၀၀ | ၂၀၀ | ၁၅၀ | ဝါခေါင် | တော်သလင်း | မြင့်☐လတ် ✔နိမ့်☐ | မြင့်☐လတ် ✔နိမ့်☐ |
| ပဲကြီး | ၅၀ | တင်း | ၃ | ၁၀ | ၅ | သီတင်းကျွတ် | တန်ဆောင်မုန်း | မြင့်☐လတ် ✔နိမ့်☐ | မြင့်☐လတ် ✔နိမ့်☐ |
| ပဲစဉ်းငုံ | ၇၀ | တင်း | ၃ | ၇ | ၅ | ကဆုန် | နယုန် | မြင့်☐လတ် ✔နိမ့်☐ | မြင့်☐လတ်☐နိမ့် ✔ |
| ကြက်သွန်နီ | ၁၅ | ပိဿာ | ၁၀၀၀ | ၃၀၀၀ | ၂၀၀၀ | တန်ဆောင်မုန်း | နတ်တော် | မြင့်☐လတ် ✔နိမ့်☐ | မြင့်☐လတ် ✔နိမ့်☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် နှမ်းစိုက်ဧက အများဆုံးဖြစ်ပြီး နှမ်းနှင့်ပဲစဉ်းငုံ သီးနှံများအား အချိန်ကာလ တစ်ခုတည်းတွင်သာ စိုက်ပျိုးကြပါသည်။ သီးနှံမျိုးစေ့များအား ပြင်ပမှ ဝယ်ယူခြင်းမရှိဘဲ မိမိတို့ကျေးရွာတွင်းရှိ မျိုးစေ့များကိုသာ စိုက်ပျိုးကြပါသည်။ ပဲစဉ်းငုံသီးနှံမှာ အထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရသဖြင့် တောင်သူများတွင် ဆုံးရှုံးမှု ပိုမိုများပြားပါသည်။

## (၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၂ | - | - | ၁၅၀ |
| လက်တွန်းထွန်စက် | ၂ | - | - | - |
| အစေ့ချ ကိရိယာ | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | - |
| ရိတ်သိမ်းစက် | - | - | - | - |
| ခြွေလှေ့စက် | ၁ | - | - | ၇၀ |
| ရေစုပ်စက် | ၅၉ | - | - | - |
| ခြေနင်းရေတင်စက် | - | - | - | - |
| မြက်ရိတ်စက် | - | - | - | - |

ရင်းမြစ်…(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊(၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ တောင်သူနှစ်ဦးမှ ထွန်စက်တစ်စီးစီဝယ်ယူထားရှိပြီး ကျေးရွာရှိ တောင်သူများမှ လယ်ယာလုပ်ငန်းတွင် ထွန်ယက်ရန်လိုအပ်ပါက အဆိုပါထွန်စက်နှစ်စီးကို ငှါးရမ်းလုပ်ကိုင်ကြပါသည်။ ရေစုပ်စက်များကို မိမိပိုင်လယ်ယာလုပ်ငန်းတွင်သာ အသုံးပြုရန်အတွက် ဝယ်ယူထားခြင်း ဖြစ်ပါသည်။

## (၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ ✔ မဖြေဆိုပါ☐ |
| လယ်ယာမြေ အသုံးချနိုင်မှု | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ ✔ မဖြေဆိုပါ☐ |
| စိုက်ပျိုးရေ အရင်းအမြစ် | ပေါများ☐အသင့်အတင့်ရှိ ✔ မဖြေဆိုပါ☐ |
| ဈေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည်☐ ရသည် ✔ မဖြေဆိုပါ☐ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည်☐<br>သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ✔ မဖြေဆိုပါ☐ |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည် ✔ မဖြေဆိုပါ☐ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည် ✔ မဖြေဆိုပါ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည် ✔ မဖြေဆိုပါ ☐ |
| နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည် ✔ မဖြေဆိုပါ ☐ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်☐<br>သီးနှံများကို ရောင်းချနိုင်သည် ✔ မဖြေဆိုပါ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

